ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

ကြံခင်းမြို့

၂၀၁၈ ခုနှစ်

ကွင်းကြီးအုပ်စု၊ သံဒိုးကင်းကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ

အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံ့ခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံ့ခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှူးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံ့ခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံ့ခင်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (ကွင်းကြီးကျေးရွာအုပ်စု)

၁. ကွင်းကြီးကျေးရွာ

**၂. သံအိုးကင်းကျေးရွာ**

၃. မှန်ကွင်းကျေးရွာ

၄. အုပ္ပုံကျေးရွာ

၅. သုမင်္ဂလ(ဝက်လူး)ကျေးရွာ

ကွင်းကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. သံအိုးကင်းကျေးရွာ၏အခြေခံအချက်အလက်များ

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ သံအိုးကင်း ကျေးရွာသည် အိမ်ခြေ (၆၆)အိမ် ရှိသော ၊ ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဗမာ လူမျိုးများသာ နေထိုင်ကြပြီး၊ ကျေးရွာတွင် အမျိုးသား(၁၁၈) ဦး၊ အမျိုးသမီး(၁၃၄) ဦးတို့ နေထိုင်ကြပါသည်။ မြေပြင်အနေ အထားအရ တောင်ကုန်းများ နှင့် သဲမြေများပေါ်တွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင် ပညာရေး အတွက်၊မူလတန်း ကျောင်းတစ်ကျောင်း ရှိပါသည်။ ရေးဟောင်းပေါ်တော်မူ ဘုရားတစ်ဆူ နှင့် ဘုန်းတော်ကြီးကျောင်းလည်း ရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများသည် ဘာသာရေး၊ လူမှုရေး ဆိုင်ရာကိစ္စရပ်များတွင် မွေ့လျော်ကြပြီး အလှူအတန်းလည်း ရက်ရောသောကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကျေးရွာတွင် နေထိုင်ကြသူများမှ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသူများဖြစ်ပြီး၊ ရာသီအလိုက် စပါး၊ ပဲ၊ နှမ်း စသည့် လယ်ယာထွက်ကုန်များကို စိုက်ပျိုးခြင်း၊ ရောင်းချခြင်းဖြင့်၊ လုပ်ကိုင်စားသောက်ကြ ပါသည်။ လယ်ယာမြေစိုက်ပျိုးရေး အတွက် အရေးကြီးဆုံးသော ဖြစ်သော ရေအရင်းအမြစ်ရရှိမှု ရှားပါးလွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာလည်း ဖူလုံမှုမရှိပဲ၊ ရွာတောင်ပေါ် ပိုင်းတစ်ခြမ်းသည် သောက်သုံးရေရရှိရန်အတွက် သောက်သုံးရေ ရရှိသောနေရာသို့ တောင်များ၊ လယ်ကွင်းများကိုကျော်၍ နာရီဝက်ခရီးခန့်၊ ခက်ခက်ခဲခဲ သွားရောက်ခပ်ယူကြရပါသည်။

နွေရာသီရောက်သည့်အခါတွင် သောက်သုံးရေ မဖူလုံ၍ အခြားကျေးရွာများသို့ သွားရောက်ခပ်ယူကြရပြီး၊ နွေရာသီရောက်တိုင်းတွင် မြို့နယ် နှင့် အခြားအရပ်ဒေသများမှ သွားရောက်၍ ရေလှူဒါန်းမှုပြုရသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသော လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရရှိရေး နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် ကျေးရွာ၏အရေးကြီးဆုံးသော လိုအပ်ချက်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျေးရွာ၏ အလိုချင်ဆုံးသော မျှော်လင့်ချက် အိပ်မက်ဖြစ်ကြောင်းသိခဲ့ရပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၇-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၃၂ | ၁၉ | ၅၁ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၇-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၃၂ | ၁၉ | ၅၁ | -ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၇-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၃၂ | ၁၉ | ၅၁ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၇-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၃၂ | ၁၉ | ၅၁ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၇-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၃၂ | ၁၉ | ၅၁ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၇-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၃၂ | ၁၉ | ၅၁ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | ၂၇-၉-၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၃၂ | ၁၉ | ၅၁ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၇-၉-၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၃၂ | ၁၉ | ၅၁ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာဦးစားပေးလုပ်ငန်း | ၁ ၂၇-၉-၂၀၁၇ | ကော်မတီဝင်များ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၃၂ | ၁၉ | ၅၁ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက်<br>အဆင့်သတ်မှတ်ခြင်း |

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်

`




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ ကိုင်းကျွန်း၊ သစ်တော စသော ဒေသအရင်းအမြစ်များကို အမှီပြု၍ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။အဓိကစီးပွားရေးလုပ်ငန်းမှာလယ်ယာ၊ပဲ၊နှမ်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။
- ကျေးရွာတွင်း လမ်းများ နှင့် ကျေးရွာချင်းဆက် လမ်းများမှာ မြေသား နှင့် သဲမြေ ရောနေသော
- ကျေးရွာတွင် နေထိုင်ကြသူများမှာ ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများဖြစ်ကြပြီး၊ ကျေးရွာတွင် စေတီ နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများမှာ ယဉ်ကျေး ပျူငှာသော၊ ရိုးသားဖြူစင်သော ကျေးလက်နေ၊ တောသူတောင်သားများ ဖြစ်ကြကြောင်း တွေ့ရပါသည်။
- ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိ၍၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နှောင့်နှေးကြန့်ကြာမှု ရှိပါသည်။ ပညာရေး အနေနှင့် မူလတန်းကျောင်း ရှိပြီး၊ အလယ်တန်း နှင့် အထက်တန်းကျောင်း ပညာရေးကို၊ အနီးကျေးရွာနှင့် မြို့နယ်များသို့ သွားရောက်သင်ကြားကြပါသည်။
- ကျေးရွာအနေဖြင့် ရေအရင်းအမြစ်ရရှိမှု ရှားပါးပြီး၊ ရေရရှိရန်အတွက်အချိန်ပေးပြီး သွားရောက်ခပ်ယူသုံးစွဲရကြောင်း နှင့် နွေရာသီတွင် သောက်ရေအတွက် မြို့နယ် နှင့် အခြားဒေသများမှ လှူဒါန်းမှုပြုရသော ကျေးရွာဖြစ်ကြောင်း သိရပါသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရေရရှိရေး( သောက်သုံးရေ ဖူလုံမှုရှိစေရန်)
- ကျေးရွာချင်းဆက်လမ်းကောင်းမွန်ရေး
- ကျေးရွာတွင် လျှပ်စစ်မီးရရှိရေး
- ကျန်းမာရေးဆေးပေးခန်းများ
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
    - စိုက်ပျိုးရေးအတွက် ချေးငွေ
    - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

**၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ**

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်


**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း နှင့် ကိုင်းကျွန်း စိုက်ပျိုးရေး လုပ်ငန်းသည် ကျေးရွာ၏ အဓိက လုပ်ငန်းများဖြစ်သည်။
- ရာသီအလိုက် မြေသြဇာချခြင်း၊ ပျိုးကျဲခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ မြက်ကောက်ခြင်း၊ ပဲစိုက်ပဲနုတ်ခြင်း စသော အလုပ်အကိုင်များလုပ်ကိုင်ကြပြီး လုပ်အားခ ဝင်ငွေများ ရရှိကြပါ သည်။
- လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်းကို ဝါခေါင်လ တွင်လည်းကောင်း၊ ကောက်ရိတ်ခြင်း၊ မတ်ပဲကြဲခြင်းကို တန်ဆောင်မုန်း လတွင်လည်းကောင်း၊ စပါးခြွေခြင်း၊ မတ်ပဲနုတ်ခြင်းကို နတ်တော် နှင့် တပေါင်းလတို့တွင်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ ၎င်းလများသည် ဝင်ငွေကောင်းသော လများဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျှမ်းမျှ ရရှိကြပါသည်။
- ကျန်းမာရေးမှာ ရာသီအကူး အပြောင်းများတွင် မကောင်းတတ်ပဲ၊ တန်ခူး၊ နယုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ နတ်တော် လများတွင် နှာစေး၊ ချောင်းဆိုး၊ တုတ်ကွေး စသောရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကျန်းမာရေး အရေးပေါ်များ ကြုံတွေ့ရပါက၊ ဘက်ရဲမြို့ ပြည်သူ့ဆေးရုံ တွင် သွားရောက်ပြသကြရပါသည်။
- ရာသီပွဲတော်များတွင် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ဘုရားပွဲတော်များ ကျင်းပကြပြီး၊ တပို့တွဲလတွင် ထမနဲပွဲများကို ကျင်းပကြပါသည်။ ပွဲတော်ကာလများသည် ကျေးရွာ၏ထွက်ငွေများပြားသော ကာလများဖြစ်ပြီး၊ ကျေးရွာအနေဖြင့် အလှူအတန်းများ၊ ဝါတွင်းကာလ ဥပုဒ်သီလ၊ ကုသိုလ်ဒါနပြုကြသော အချိန်အခါလည်း ဖြစ်ပါသည်။
- အခြားလုပ်ငန်းများမှာ ပန်းရံ နှင့် ကြုံရာကျပန်း၊ လက်လုပ်လက်စားများသာ ဖြစ်ကြပြီး၊ နေ့စဉ် ပုံမှန်ဝင်ငွေ ရရှိသောလုပ်ငန်းမဟုတ်ပါ။
- သောက်သုံးရေ ဖူလုံမှုမှာ၊ ရေအရင်းအမြစ် ရှားပါးလွန်းပြီး၊ ပုံမှန်သွားရောက်ခပ်ယူရသော လယ်တောထဲရှိ ရေတွင်းလေးဆီမှလည်း၊ နွေရာသီတွင် သောက်သုံးရေ စိုးရိမ်ပူပန်ရသော ကျေးရွာ၏ အခြေအနေကို သိခွင့်ရခဲ့ပါသည်။
- လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများမှာ ကောင်းမွန်မှု မရှိပဲ၊ မိုးရာသီကာလများတွင် သွားလာရေးခက်ခဲမှုများကြောင့် ကျန်းမာရေး၊ လူမှုရေး နှင့် ကုန်သွယ်ကူးသန်းရေး ခက်ခဲမှုများ နှစ်စဉ်ကြုံတွေ့နေရကြောင်း သိရပြီး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည်၊ ကျေးရွာမှအမှန်တကယ် လိုလားတောင့်တနေသော မျှော်လင့်ချက် အိပ်မက်ဖြစ်ကြောင်း သိခွင့်ရခဲ့ပါသည်။

- ရာသီစွင့်ပြပြကွဒိန် ကို ဝိုင်းဖွဲ့ဆွေးနွေးခြင်းအားဖြင့် အမျိုးသားများ နှင့် အမျိုးသမီး တို့၏ နေ့စဉ် လူမှုကိစ္စ၊ အိမ်မှုကိစ္စများတွင် တာဝန်ခွဲဝေယူမှု၊ ကျား၊မရေးရာ ကဏ္ဍများ အချိုးညီစွာ တွင်ကျယ်စေမှု စသောသဘောတရားများကို သိမြင်ခံစားလာအောင်ဆွေးနွေးနိုင်ခဲ့ပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>





လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- သံအိုးကင်းကျေးရွာ၏ လူနေမှုအဆင့်များ သတ်မှတ်ရာတွင် (က၊ခ၊ဂ၊ဃ) ဟူ၍ အဆင့်(၄)ဆင့် သတ်မှတ် ပြီးရေးဆွဲခဲ့ပါသည်။ အဆင့်(က) အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ် ထောင်စုများသည် အသင့်အတင့်အုပ်စု၊ အဆင့်(ဂ) အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုဟူ၍ သတ်မှတ်ခဲ့ ကြပါသည်။
- ချမ်းသာသောအုပ်စုမှာ (၁၈) အိမ်ထောင်စု၊ အသင့်အတင့်အုပ်စုမှာ(၁၈) အိမ်ထောင်စု၊နွမ်း ပါးသောအုပ်စုမှာ (၂၃) အိမ်ထောင်စု နှင့် အလွန်နွမ်းပါးသောအုပ်စုမှာ (၇) အိမ်ထောင်စုဟု သတ်မှတ်ရရှိခဲ့သည်။
- နွမ်းပါးသေ နှင့် အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ ပုံမှန်ဝင်ငွေရရှိရန်အတွက် အအလုပ်ကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်းနှင့်ပညာရေးကိုဆုံးခန်းတိုင်အောင်၊မသင်ကြား နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူ များနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များ၊ ကျေးရွာ၏ဆန္ဒသဘော
ထားများ စသဖြင့် ကျေးရွာမှရရှိသော အချက်အလက်များကို အခြေခံထား၍ စဉ်းစား ရေးဆွဲခဲ့ ပါသည်။
- ရေးဆွဲထားသောကျေးရွာ၏ ဥစ္စာဓနသတ်မှတ်ချက်အဆင့်များကို ကြည့်ပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သည့်အခါတွင်၊ ကျေးရွာလူထုနွမ်းပါးသူများ နှင့် အလွန်နွမ်းပါးသောအုပ်စုများကို၊ ဦးစားပေး ဝင်ရောက် လုပ်ကိုင်စေခြင်းအားဖြင့်၊၎င်းတို့၏ဝင်ငွေ
များ တဖက်တလမ်းမှ ရရှိစေပြီး၊ ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်း၏ အတွေ့အကြုံများကို၊ အတတ်ပညာတစ်ခုအနေဖြင့် ရယူသုံးစွဲတတ်စေရန်ဖြစ်သည်။

**၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ**

(ဃ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

ကျေးရွာတွင် ရှိသောကျေးရွာအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မိခင် နှင့် ကလေး၊ အမျိုးသမီးရေးရာ၊ မီးသတ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ World Vision အဖွဲ့ နှင့် ကျေးရွာရှိ အဖွဲ့အစည်းများမှာ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ဖြစ်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်မှုပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍လည်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်ကြပါသည်။


ကျေးရွာပြင်ပရှိ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင် နှင့် ကလေး၊ မြို့နယ်အမျိုးသမီးရေးရာ၊ မြို့နယ်မီးသတ်အဖွဲ့၊ မြို့နယ်ကျောင်းကော်မတီ၊ မြို့နယ် World Vision အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြသည်၊


ကျေးရွာအတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများသည် လိုအပ်ပါက၊ ကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွါးရေး နှင့် ကျေးရွာ၏လိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ခြင်းဖြင့်၊ အဖွဲ့အစည်းအချင်းချင်း၊ ချိတ်ဆက်ဆောင်ရွက်မှုပြုကြောင်း တွေ့ရပါသည်။

ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မတူညီသောအဖွဲ့အစည်းများ ၊ မတူညီသော သတင်းအချက် အလက်များကို တပြေးညီဆောင်ရွက်သိရှိစေပြီး၊ ပိုမိုဖွံ့ဖြိုးအောင်မြင်နိုင်လိမ့်မည်ဟု သိမြင်ခံစား မိပါ သည်။

**၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ**

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>





အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**


အရင်းအမြစ်ပိုင်ဆိုင်မှု၊ အသုံးပြုမှုတို့တွင် အမျိုးသမီးများ နှင့် အမျိုးသားများသည် လယ်၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ ဥယျာဉ်၊ ကိုင်း၊တောင်ယာ၊ခြွေလှေ့စက်၊ ဝါးတော စသည်တို့ကို အတူတူ အသုံးပြုကြသည်၊ ပိုင်ဆိုင်ကြသည်ကိုတွေ့ရသည်။

ကိုင်း၊သစ်တော၊ ဝါးတော၊ တောင်ယာ၊ ခြွေလှေ့စက်၊ ရိတ်ခြွေစက် စသည်များကို အမျိုး သမီး များက အများဆုံးအသုံးပြုကြပြီး၊ လယ်၊ လယ်ထွန်စက်၊ လှည်း+နွား၊ ဆိုင်ကယ်၊ ကား၊ ဥယျာဉ်ခြံ စသည်များကို၊ အမျိုးသားများမှ အများဆုံးအသုံးပြုကြသည်

ကျေးရွာတွင်နေထိုင်သော အမျိုးသား နှင့် အမျိုးသမီးတို့အသုံးပြုနေသောအရင်းအမြစ်ပစ္စည်း ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက် ချခြင်းများတွင်သံအိုးကင်းကျေးရွာအနေဖြင့်ိ အမျိုးသား နှင့် အမျိုးသ မီး အတူတူပိုင်ဆိုင်ကြပြီးထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက် ချခြင်းများကို ပြုလုပ်နေကြောင်း သိရှိ ရ၍၊ သံအိုးကင်း ကျေးရွာ၏ညီမျှသော၊ အပြန်အလှန် တိုင်ပင်၊ ဆွေနွေးမှုရှိသော သဘောသဘာဝ များကို သိမြင်ခံစားရပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်)**


သံအိုးကင်းကျေးရွာရှိ ပင့်ကူအိမ် သုံးသပ်မှုပြမြေပုံကို ဆွေးနွေးရာတွင်၊ အုပ်ချုပ်ရေး အဖွဲ့အစည်း တွင်ပါဝင်မှု၌၊ အမျိုးသားများသည် (၇၀)% ၊ အမျိုးသမီးများသည် (၃၀)% ဖြင့် အမျိုးသား များသည် အမျိုးသမီးများထက်၊ ပါဝင်မှုအားကောင်းနေသည်ကို တွေ့ရပါသည်။

အိမ်တွင်းမှုကဏ္ဍကို ဆွေးနွေးရာတွင် အမျိုးသမီးသည် (၉၀)% ၊ အမျိုးသားသည် (၁၀)% ဖြင့် အိမ်တွင်းမှု၌၊ အမျိုးသမီးများသာ ဦးဆောင်မှုပြုဆောင်ရွက်နေကြကြောင်း သိရပါသည်။ အခြားကဏ္ဍ များဖြစ်သောပညာရေးတွင် လက်လှမ်းမီမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဝင်ငွေ၊ အလုပ်အကိုင်အခွင့် အလမ်း၊ လူမှုရေးတွင်ပါဝင်မှု၊ မိမိကိုယ်မိမိ လုံခြုံမှု/စိတ်ချမှုတို့တွင် သံအိုးကင်းကျေးရွာရှိ အမျိုးသား နှင့် အမျိုးသမီးများသည်(၅၀း၅၀) ရာခိုင်နှုန်းဖြင့်၊ အချိုးညီမျှနေသည်ကိုတွေ့ရပါသည်။

ထို့ကြောင့် အမျိုးသား နှင့် အမျိုးသမီး အသိပညာပေးဆိုင်ရာ ဆွေးနွေးပွဲများ၊ အမျိုးသမီးများ၏ အားနည်းနေသော အုပ်ချုပ်ရေးပိုင်း ဆိုင်ရာလုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် စသည့် အကြောင်းအရာ များတွင် လက်တွဲကူညီခြင်း၊ အမျိုးသမီးများ၏ အိမ်တွင်းမှုဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှု များတွင် အမျိုးသား များ မှ ဝင်ရောက် ကူညီ အားပေး ခြင်းဖြင့်၊ အမျိုးသား နှင့် အမျိုးသမီး တို့၏ ကွာဟ နေသော လူမှုဘဝများကို၊ လှပစွာညှိနှိုင်းပုံဖော်နိုင်လိမ့်မည် ဖြစ်ကြောင်း၊ သိမြင်သုံးသပ်မိပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်





အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ သောက်သုံးရေ ရှားပါးခြင်း၊ ကျေးရွာမူလတန်းကျောင်းရှိ ယင်လုံအိမ်သာမှာ ကျန်းမာရေး နှင့် မညီညွတ်ခြင်း၊ ကျောင်းခြံစည်းရိုး လုံခြုံမှုမရှိခြင်း၊ ကျေးရွာချင်း ဆက်လမ်းများ မကောင်းခြင်း၊ နွေရာသီတွင် ရေရှားပါးလွန်း၍ ညအချိန်အခါ၊ တလှည့်စီသွားရောက် ခပ်ယူရခြင်း၊ အခြားကျေးရွာများတွင် သွားရောက်ခပ်ယူရခြင်း စသည့်အခက်အခဲ များကို အမျိုးသားများမှ အဓိကထားဆွေးနွေးကြပြီး၊ လမ်းပန်းဆက်သွယ်ရေး ကြမ်းတမ်းခြင်း၊ သောက်သုံးရေ ဖူလုံမှုမရှိခြင်း၊ ကျန်းမာရေးဆေးပေးခန်းများ ဝေးလံခြင်း၊ စိုက်ပျိုးရေးစပါးများ ဈေးကောင်း မရခြင်း၊ ကျေးရွာအနောက်ပိုင်း ရေအရင်းအမြစ်ရှားပါးခြင်း၊ ကျေးရွာအနောက်ပိုင်း ယင်လုံအိမ်သာနည်းပါးခြင်း၊ စာသင်ကျောင်းတွင် ရေအရင်းအမြစ်မရှိခြင်း၊ ကျေးရွာစာသင်ကျောင်း ယင်လုံအိမ်သာမရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာအတွက် အခက်အခဲရှိခြင်း၊ လျှပ်စစ်မီးမရှိ၍ကျောင်းသား များစာကျက်ရန်၊ ကျောင်းခြံစည်းရိုးမရှိ၍ ကျောင်းသားများ လုံခြုံမှုမရှိခြင်း စသည့်အခက်အခဲများကို အမျိုးသမီးများမှ အဓိကထားပြီးဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(ဈ) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်



ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် သောက်သုံးရေ ရှားပါးခြင်းအတွက် စက်ရေတွင်းတူးပြီး၊ ရွာတွင်းသို့ ပိုက်လိုင်းဖြင့်၊ အိမ်တိုင်း ရေပို့နိုင်ရန်၊ မျှော်မှန်းပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး လင်းချင်ပါသည်။ အရှေ့တာအတွက် ကုန်းပေါက် ဖောက်ချင်ပါသည်။ကျေးရွာအတွက် အမှန်တကယ် အကျိုးရှိသော လုပ်ငန်းအား ရွေးချယ်နိုင်ရန် မျှော်လင့်ပါသည်။လယ်ယာထွက်ကုန် သယ်ယူရာတွင် အခက်အခဲရှိ၍၊ ကုန်ထွက်လမ်း ရှိစေချင်ပါသည်။ သောက်သုံးရေ လုံလောက်မှုရှိအောင် လိုချင်ပါသည်။ ကျေးရွာတွင်း ဆက်သွယ်ရေးလမ်းများ ကောင်းမွန်စေရန် ရည်ရွယ်ပါသည်။

အမျိုးသမီးများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရတွင် ကျေးရွာတွင် အိမ်တိုင်းစေ့ ခလုတ်ဖွင့်၊ ရေပိုက်လိုင်း သုံးချင်ပါသည်။ ကျေးရွာတွင် ကျန်းမာရေး ညီညွတ်စေရန်၊ ယင်လုံအိမ်သာ အိမ်တိုင်းစေ့ဖြစ်စေချင်ပါသည်။ ကျေးရွာတွင် ရေလှောင်ကန် ရရှိချင်ပါသည်။ ကျေးရွာတွင်း လျှပ်စစ်မီး ၂၄ နာရီလုံး သုံးချင်ပါသည်။ ကျေးရွာတွင်း ချောင်းကျောက်လမ်း ခင်းချင်ပါသည်။ ကျောင်းသား/ကျောင်းသူများ အသိပညာတိုးပွားစေရန် စာကြည့်တိုက် ရှိချင်ပါသည်။ ကျေးလက်ဆေးပေးခန်း လိုချင်ပါသည်။ ကျေးရွာတွင်း မိုးရေလှောင်ကန် လိုချင်ပါသည်။ ကျေးရွာချင်း ဆက် ကျောက်ချောလမ်း လိုချင်ပါသည်။ ဘုန်းကြီးကျောင်း နှင့် ကျေးရွာတွင်း ဆက်သွယ်သောလမ်း၊ ကျောက်ခင်းလမ်း လိုချင်ပါသည်။ ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်း ဖြစ်စေချင်ပါသည်။

အမျိုးသား နှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် ကျေးရွာချင်းဆက်လမ်းကောင်းမွန်စေရန် နှင့် ကျေးရွာတွင်းရေဖူလုံမှုရရှိစေရန် မျှော်မှန်းထားကြပါသည်။ ကျေးရွာချင်းဆက်လမ်းကောင်းမွန်ပါက ကျောင်းသား၊ ကျောင်းသူများကျောင်းပညာရေးအတွက်သွားလာရအဆင်ပြေစေရန်နှင့် နှောင့်နှေးမှုမရှိစေရန်၊ ကျေးရွာလူထု စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင်ပြေလွယ်ကူစေလိမ့်မည်ဟု မျှော်လင့်ထားကြပါ သည်။တတိယနစ် စက်ဝန်းတွင် အုပ်စုသဘောတူညီချက်အရ လုပ်ငန်းရပ်နားခဲ့ပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ


<u>(စျ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(ည) ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်</u>



**<u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )</u>**

ကွင်းကြီးအုပ်စု၊ သံအိုးကင်းကျေးရွာ၏ ကျေးရွာဖွံဖြိုးရေး လုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံးဖြစ်သော ရွာတွင်း၊ ရွာချင်းဆက်(ကွင်ကြီး မှ ချောင်းတံတားထိ) ချောင်းကျောက်လမ်း လုပ်ငန်းအား ဦးစာပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲ အများဆုံးဖြစ်သော ရေပေးဝေရေး လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယ မဲအများဆုံး ကွင်းကြီး-သံအိုးကင်း ရွာချင်းဆက်ကျောက်ချောလမ်း လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ ကြပါသည်။ထို့အပြင်စာသင်ကျောင်းယင်လုံအိမ်သာလုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။

အထက်ပါလုပ်ငန်း(၄) ခုတွင် အုပ်စုအဆင့် ရွေးချယ်ပွဲ၌၊ ရွာတွင်း မှ ရွာချင်းဆက်(ကွင်းကြီး မှ ပေချောင်းတံတားထိ) ချောင်းကျောက်လမ်း နှင့် ရေပေးဝေရေးလုပ်ငန်း အား၊ သံအိုးကင်းကျေးရွာ၏ အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ်၊ အုပ်စုကျေးရွာများမှ စဉ်းစားရွေးချယ် ဆုံးဖြတ်ပေးခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ




လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွင်းကြီး ကျေးရွာ။ ။ သံအိုးကင်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၁၈-၁၂-၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးအောင်ကိုဦး | ၀၉၂၅၀၈၅၁၈၃၀ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်ပန်းအိစိုး | ၀၉၂၅၄၃၆၄၇၂၉ | ၂၀၁၇ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးခင်မောင်ဇော် | ၀၉၂၅၀၇၄၀၆၀၂ | ၂၀၁၆ |
| ၄ | | အဖွဲ့ဝင် | ဒေါ်စန်းစန်းမွန် | ၀၉၄၂၂၅၆၀၃၆၉ | ၂၀၁၆ |
| ၅ | | အဖွဲ့ဝင် | ဦးနိုင်လင်းထွန်း | ၀၉၂၅၀၇၃၉၆၇၃ | ၂၀၁၇ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းဝင်း | ၀၉၂၅၁၁၅၀၇၇ | ၂၀၁၆ |
| ၇ | | အဖွဲ့ဝင် | ဒေါ်ခင်ဥမ္မာနိုင် | ၀၉၂၅၀၅၇၈၅၁၀ | ၂၀၁၇ |
| ၈ | | အဖွဲ့ဝင် | ဒေါ်ခိုင်နှင်းဝေ | ၀၉၄၅၅၃၆၁၉၁၂ | ၂၀၁၇ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မိုးမိုးချို | ၀၉၄၅၁၄၅၂၁၆၀ | ၂၀၁၇ |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ယုယုဝေ | ၀၉၂၅၄၆၆၈၇၇၀ | ၂၀၁၇ |
| ၁၁ | | အဖွဲ့ဝင် | ဦးသိန်းဇော်ဦး | ၀၉၂၆၃၇၆၁၂၃၃ | ၂၀၁၆ |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးငြိမ်းချမ်းအောင် | ၀၉၄၂၂၅၆၀၄၇၇ | ၂၀၁၆ |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသိန်းစိုး | | ၂၀၁၇ |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ခင်မာကြူ | ၀၉၂၆၄၄၅၄၂၈၂ | ၂၀၁၆ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးအောင်ဇော်လင်း | ၀၉၂၅၃၈၄၄၀၆၁ | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်လင်းဇာခြည်မော် | ၀၉၄၅၄၄၉၃၅၁၇ | ၂၀၁၆ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ထက်ထက်လှိုင်

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးသိန်းဝင်း | | ၀၉-၂၅၁၁၁၅၀၇၇ | | [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး | ကျေးရွာ သံဖိုကုန်း | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၆၄ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၆၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးမှုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - ၂ မ - ၁ (၃) | . | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား /၇ မ /၁၀ (၁၇) | | ၁၃ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၁၂၀ | ၁၃၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၅၆ | ၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း✓ လူသွားလမ်း အခြား __________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ၆၀၊ ၂၀၁၃ နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်----၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၅---မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------၂၀ မိနစ်------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်✓/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]

**(ဖ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အုပ်ချုပ်ရေး
(၂) မရဏ [illegible]
(၃) ကျောင်းကော်မတီ
(၄) [illegible] အသင်း
(၅) World vision ကျေးရွာရေး
(၆) ရွာကျော် ငွေစုငွေချေး အဖွဲ့

| | | | | |
|---|---|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးသိန်းဝင်း | | |
| | လက်မှတ် | (signature) | နေ့စွဲ | 8.9.17 |
| လူထုစည်းရုံးရေးမှူး | အမည် | ဒေါ်ဖြူ သီတာ | | |
| | လက်မှတ် | (signature) | နေ့စွဲ | 8.9.17 |

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဇေယျဝတီကလေး | | | |
| နေ့စွဲ ၂၇.၉.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဖျာပုံ | ကျေးရွာအုပ်စု ကွင်းကြီး | ကျေးရွာ - သံဒိုးကင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၃၂ | ၁၉ | ၅၁ | ၅၁ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၃၂ | ၁၉ | ၅၁ | ၅၁ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၀.၁၇ | ၁၉.၁၀.၁၇ | ၂၃ | ၁၈ | ၄၁ | ၄၁ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၇ | ၆ | ၁၀ | ၁၀ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ပယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – – |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လှိုင် | | | |
| နေ့စွဲ ၂၇.၉.၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကွင်းကြီး | ကျေးရွာ သံဒိုးကောင်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မူလတန်းကျောင်း [illegible] မကောင်းခြင်း၊ | ၁ | သောက်သုံးရေ [illegible] မရှိခြင်း၊ |
| ၂ | စာသင်ကျောင်း ခြံစည်းရိုး မကောင်းခြင်း၊ | ၂ | ကျန်းမာရေး အတွက် ဆေးခန်း မရှိခြင်း၊ |
| ၃ | ကျောင်းသား၊ သူ များ နွေရာသီ ကျောင်းတွင် ပူအိုက်ခြင်း၊ | ၃ | ရွာတွင်း လမ်း မကောင်းခြင်း၊ |
| ၄ | အစည်းအဝေး ပြုလုပ်ရန် စုဝေးရာ [illegible] မရှိခြင်း၊ | ၄ | ကျေးရွာ [illegible] ယင်လုံအိမ်သာ မရှိခြင်း၊ |
| ၅ | | ၅ | စာသင်ကျောင်း၌ ယင်လုံအိမ်သာ မရှိခြင်း၊ |
| ၆ | | ၆ | ကျောင်းခြံစည်းရိုး မလုံခြင်း၊ |
| ၇ | | ၇ | လျှပ်စစ်မီး မရှိခြင်း၊ |
| | | ၈ | [illegible]ခြင်း၊ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျောင်းသား၊ သူ များ အဆင်ပြေ [illegible] ရန် စာသင်ကျောင်း [illegible] ရှိ[illegible] | ၁ | ၂၄ နာရီ လျှပ်စစ်မီး လာစေချင်ပါသည်။ |
| ၂ | စာသင်ကျောင်း ခြံစည်းရိုး ရှိစေချင်ပါသည်။ | ၂ | ကျေးရွာလူထု စုဝေးရန် [illegible] ရှိစေချင်ပါသည်။ |
| ၃ | တရွာလုံး လျှပ်စစ်မီး လင်းစေချင်ပါသည်။ | ၃ | ကျောင်းသား၊ သူ များ အသိပညာ တိုးပွားရန် စာကြည့်တိုက် ရှိစေချင်သည်။ |
| ၄ | သောက်သုံးရေ [illegible] ရှိစေချင်သည်။ | ၄ | ကျေးလက်ဆေးခန်း ရှိစေချင်သည်။ |
| ၅ | [illegible] လမ်းများ ကောင်းစေချင်သည်။ | ၅ | ကျေးရွာတွင်း [illegible] ရှိစေချင်သည်။ |
| ၆ | [illegible] ရှိစေချင်ပါသည်။ | ၆ | ကျန်းမာရေး အတွက် ယင်လုံအိမ်သာ အိမ်တိုင်း ဖြစ်ချင်ပါသည်။ |
| ၇ | | ၇ | ရွာတွင်း၊ ရွာပြင်လမ်းများ ကောင်းစေချင်သည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီး၊ သွယ်တန်းခြင်း၊ | မ | ၁၅၀ သိန်း | ၂၅၃ |
| ၂ | မူကြိုသင်ကျောင်း၊ မူကြိုနှင့်ကျောင်း(30'x40') | ကျား | ၁၂ သိန်း | ၂၅၃ |
| ၃ | ရွာတွင်း၊ လမ်း၊ (၂၀၀၀') | ကျား | ၄၅ သိန်း | ၂၅၃ |
| ၄ | ကျောင်းခြံစည်းရိုး၊ ယာဉ်ရပ်နားအိမ်သာ | ကျား | ~~၆၅သိန်း~~ ၁၅ သိန်း | ၂၅၃ |
| ၅ | ၁၀ ကုတင်ဆံ့ ဆေးခန်း (၂၀'x၂၀') | မ | ၇၅ သိန်း | ၂၅၃ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ နည်းပညာ | မ | |
| ၂ | အိမ်တွင်းမှုသင်တန်း၊ | မ | |
| ၃ | အလှပြင်အကြိုင် အခွင့် အလမ်း | မ | |
| ၄ | | | |
| ၅ | | | |

ဉက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးအောင်ကျော်ဦး လက်မှတ် [signature] နေ့စွဲ ၁၇-၉-၂၀၁၇

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်း...

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ထက်ထက်လှိုင်၊ ဒေါ်အေးသဇင်ဝိုင် | | |
| နေ့စွဲ - ၁၄.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ကွင်းကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဘုံပွဲ | ဘက်စုံသုံးခန်းမ | ၂၀'x၄၀' | ၂၄၁ဦး | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၉၀ သိန်း | - | - | - | ၉၀ သိန်း |
| မြန်ကွင်း | ရွာတွင်းကျောက်ပိုးထိုး၊ မြေနီလမ်း+ပြွန်ချဖြင့် | ၁၃၀၀'x၁၅'x၆"<br>၁၃၀၀'x၁၂'x၆"<br>၁၅၀၀'x၁၀'x၆"<br>၄၃၀၀'x၈'x၆" | ၃၃၄ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၅၆ သိန်း | - | - | - | ၅၆ သိန်း |
| ဝက်လှူ (သုမင်္ဂလ) | ရွာတွင်း ချောင်းကျောက်လမ်း | ၄၅၀၀'x၁၈'x၄" | ၄၅၀ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၈၂ သိန်း | - | - | - | ၈၂ သိန်း |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်း...

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစိုင်းထွန်း ၊

လက်မှတ် [signature] ရက်စွဲ ၁၉.၁၀.၁၇

**၁၃။ အစည်းအဝေးမှတ်တမ်း**

ကြံခင်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ သံအိုးကင်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

သံအိုးကင်းကျေးရွာတွင်ပထမ/ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၂၇.၉.၂၀၁၇)နံနက်လည် (၁၀း၀၀) နာရီတွင် စတင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

၉။ ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | မူလတန်းကျောင်းမျက်နှာကျက် | ကျား | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ရွာတွင်းလမ်း | ကျား | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | ကျောင်းခြံစည်းရိုး/ယင်လုံအိမ်သာ | ကျား | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၅။ | စိုက်ပျိုးရေးနည်းပညာ | မ | ၂၀၂၂ | ကျေးရွာလူထု | စိုက်ပျိုးရေးဌာန |
| | ၆။ | အိမ်တွင်းမှုနည်းပညာ | မ | ၂၀၂၃ | ကျေးရွာလူထု | ကျေးလက်ဦးစီး |
| | ၇။ | အလုပ်အကိုင်အခွင့်အလမ်း | မ | ၂၀၂၄ | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |